# မြန်မာတိုင်းရင်းသားစကားပုံများ(ကောက်နုတ်ချက်)

## မြန်မာစကားပုံများ

### ၁။ ကံယုံ၍ ဆူးပုံမနင်းရာ

ဆိုလိုရင်း။ ကံချည်းလုံးဝအားကိုးပြီး ဒုက္ခရောက်မည့်ကိစ္စမျိုးကို ဖွတ်တိုးမလုပ်သင့်။

ရှင်းလင်းချက်။ ကံဟူသည် (ပါဠိ)ကမ္မ = အမှုအလုပ်ကို ဆိုသည်။ ရှေးကပြုမူးခဲ့သော အတိတ်ကံ၊ လက်ငင်းပြုဆဲပစ္စုပ္ပန်ကံဟူ၍ နှစ်မျိုးရှိရာကောင်းသည်ကို လုပ်လျှင် ကောင်းကျိုးခံစားရ၍ မကောင်းသည်ကိုလုပ်လျှင် ဆိုးကျိုးကို ခံစားရပေမည်။ ဤသည်ကို အချို့ကမူ အတိတ်ကံကို ပယ်ပြီး ပစ္စုပ္ပန် အမှုအလုပ်ကိုသာ ယုံကြည်တတ်ကြပြန်သည်။ သို့ဖြစ်၍ ကံဟူရာ၌ အတိတ်ပစ္စုပ္ပန်ကာလလုပ်ရပ်များနှင့်ကောင်းမှု၊ မကောင်းမှု အားလုံးကို ဆိုလိုပေသည်။

ကံနှင့်ပတ်သက်၍ "ကံသာလျှင် အမိ၊ ကံသာလျှင် အဖ" "ကုသိုလ်ကံ ပေးမရသေး၊ နှောင့်နှေးဗျာပါမရှိရာ" "ကံမနိုင်၊ သံတိုင်အိမ်ဆောက်သော်လည်း ကံမှောက်လျှင်ကျိုး" "ကံမရှိ ဉာဏ်ရှိတိုင်း မွဲ" "လုံ့ထမ်းလာတာသာ မြင်ရ၊ ကံထမ်းလာတာ မမြင်ရ" "ကံကောင်းလျှင် တစ်ချက်၊ အကြံကောင်းလျှင် တစ်သက်" အစရှိသောစကားပုံများက ကံကိုယုံကြည်သင့်ကြောင်း ဖော်ပြထား၏။ သို့သော် အတိတ်ကံကိုချည်း လုံ့ဝအားကိုးယုံကြည်ပြီး မိမိတင်မြင်ရာကို ဖွတ်တရွတ် မလုပ်သင့်ကြောင်းကို "ကံယုံ၍ ဆူးပုံမနင်းရာ" ဟူသောစကားပုံက တစ်ဖက်မှ သတိပေးနေပြန်သည်။ ကံကို ယုံပြီး ဆူးပုံကို တက်နင်းလျှင် ဆူးစူးမည်မှာ ဧကန်။ ထို့အတူ ကံကို တစ်ဘက်သတ်အားကိုးပြီး ဒုက္ခဖြစ်မည့်အမှုမှန်း သိလျက် ဖွတ်တိုးလုပ်လျှင် ဒုက္ခနှင့်ရင်ဆိုင်တိုးမည်မှာ ဧကန် ဖြစ်သည်။ ဥပမာ။ ။ကျောင်းသားတစ်ယောက်သည် အတိတ်ကံကိုသာ တစ်ဖက်သတ်ယုံပြီး ပစ္စုပ္ပန်ဝီရိယကို စိုက်ထုတ်မှုမျိုး မရှိလျှင် စာမေးပွဲ မအောင်နိုင်။ အတိတ်ကံ၏အထောက်အပံ့ပါရမီမျိုး နှင့် ပစ္စုပ္ပန်အားထုတ်မှုနှစ်မျိုးလုံး ပေါင်းစပ်မှသာ အောင်မြင်မှုကို ခွတ်ချူးနိုင်ပေမည်။

အကျိုးသက်ရောက်ပုံ။ မည်သည့်အမှုကိစ္စ၌မဆို ဉာဏ်ဖြင့်ချင့်ချိန်ပြီး ဝီရိယစိုက်ထုတ်လုပ်သင့်လှသည်။ ဝီရိယစိုက်ထုတ်ခြင်းသည်ပင် ပစ္စုပ္ပန်ကံမည်ပေ၏။

---

### ၂။ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ

ဆိုလိုရင်း။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်မှီခိုရင်း နှစ်ဦးစလုံးအကျိုး ဖြစ်ထွန်းခြင်း။

ရှင်းလင်းချက်။ ကိုင်းပင်သည် ကျွန်းကိုမှီ၍ ပေါက်ရောက်ရသည်။ ကျွန်းသည်လည်း ကိုင်းပင်ကြောင့် တည်တံ့ရသည်။ ကျွန်းနှင့်ကိုင်းသည် အချင်းချင်း အပြန်အလှန် အမှီသဟဲပြုကာ ကျွန်းရောကိုင်းပါအကျိုးဖြစ်ထွန်းရသည်။

အကျိုးသက်ရောက်ပုံ။ တစ်ဦးနှင့်တစ်ဦးအပြန်အလှန်အမှီပြုပြီးအကျိုးဖြစ်ထွန်းစေသင့်သည်။ တစ်ဦးအကျိုးကိုတစ်ဦးက ထိခိုက်ပျက်ပြားအောင်မပြုအပ်ကြောင်း

F16B

သတိမူရာသည်။

၃။ ခရီးတွင်လို့၊ ရွာစဉ်မသိ

ဆိုလိုရင်း။ အလုပ်တစ်ခုကို အမှုမဲ့အမှတ်မဲ့ လုပ်တတ်ခြင်း။

ရှင်းလင်းချက်။ "ခရီးတွင်"ဟူသည်မှာ ခရီးပေါက်ရောက်ခြင်း ဖြစ်သည်။ "ရွာစဉ်"မှာ တစ်ရွာပြီး တစ်ရွာကို ဆိုလိုသည်။ ခရီးသာ ပေါက်သည်။ လမ်းခရီး၌ ဖြတ်သန်းခဲ့သောရွာများမှာ မည်သည့်ရွာများမှန်းမသိဟု ဆိုလိုသည်။

ဖော်ပြပါစကားပုံသည် ခရီးသွားလာရာ အတွေ့အကြုံက ပေါ်ပေါက်လာသော်လည်း ခရီးသွားကိစ္စတွင်သာမက အခြားကိစ္စများတွင်လည်း အသုံးပြုလေ့ရှိသည်။ ဥပမာ။ စာအုပ်တစ်အုပ်ကိုဖတ်၍သာ ဆုံးသွားသော်လည်း စာအုပ်ပါအခန်းစဉ်ကိုလည်း မသိ၊ ဆိုလိုရင်းကိုလည်း မသိသည့်ကိစ္စမျိုး၊ အလုပ်တစ်ခုကို လုပ်၍သာ ပြီးသော်လည်း မည်သည့်ရည်ရွယ်ချက်၊ ဆိုလိုရင်း စသည်တို့ကို မသိသည့်ကိစ္စမျိုး စသည်တို့၌လည်း အထက်ပါစကားပုံကို အသုံးပြုလေ့ရှိသည်။

အကျိုးသက်ရောက်ပုံ။ ကိစ္စတစ်ခုခုကိုဆောင်ရွက်ရာ၌ အမှုမဲ့အမှတ်မဲ့မလုပ်ထိုက်။ မိမိဆောင်ရွက်သောလုပ်ငန်းဆောင်တာကို သေချာစွာသိအောင် လေ့လာ သင့်သည်။ အလုပ်တစ်ခုကို မည်သည့်ရည်ရွယ်ချက်မှန်းမသိ လုပ်ဆောင်လျှင် မိမိ၏ ညံ့ဖျင်းပုံကို ဖော်ပြရာ ရောက်သည်။ အထက်ပါစကားပုံသည် လူပေါ် လူညံ့ တို့၏အမှုမဲ့ အမှတ်မဲ့ လုပ်တတ်သောသဘောကို ဖော်ပြနေသည့်အတွက် လူတော်လူချွန်ဖြစ်လိုသူတို့ သတိပြု ဆင်ခြင်ဖွယ်ဖြစ်သည်။

---

၄။ ဓူးနေရာဓူး၊ ဆောက်နေရာဆောက်

ဆိုလိုရင်း။ လူ၏အရည်အချင်းနှင့်ထိုက်သင့်သောနေရာ၌ အသုံးချရန်ဆိုလိုသည်။ (တစ်နည်း)လူမှန်ကို နေရာမှန်၌ အသုံးပြုရန်။

ရှင်းလင်းချက်။ ဓူးဆောက်ဟူသည် လက်သမားသုံးကိရိယာများ ဖြစ်ရာ လက်သမားတို့ပတ်ဝန်းကျင်က ပေါ်ပေါက်လာသောစကားပုံ ဖြစ်သည်။ ဓူးနှင့် ဆောက်သည် အသုံးပြုရပုံချင်း မတူပေ။

ဓူးက ထိုးဖောက်ရပြီး ဆောက်ကထွင်းရသည်။ ဓူးကိုသုံးရမည့်နေရာ၌ ဆောက်ကိုသုံးသော် အရာမရောက်ပေ။ ဆောက်နှင့်ထွင်းရမည့်အလုပ်ကို ဓူးနှင့်ဖောက်သော် အကျိုးမဖြစ်ထွန်း၊ ဓူး၊ ဆောက်နှစ်မျိုးစလုံးပင် သူ့နေရာနှင့်သူ အသုံးဝင်သော်လည်း အသုံးချပုံမှားနေလျှင် ဓူး၊ ဆောက်များ၏တန်ဖိုးမှာ မပေါ်လွင်ဖြစ်တတ်ပေသည်။ ထို့အပြင် အသုံးချပုံမှားနေသဖြင့် အချိန်ကုန် လုပ်ပင်ပန်းပြီး ခရီးလည်း မရောက်၊ အကျိုးလည်း မများဖြစ်တတ်သေးသည်။ နေရာတကျ အသုံးပြုမှသာ ခရီးပေါက်မြောက်အောင်မြင်နိုင်ပေသည်။ ထို့အတူပင် လူပုဂ္ဂိုလ်အသီးသီး၌ အရည်အချင်း အဆင့်အတန်းအမျိုးမျိုး ကွဲပြားခြားနားကြပေသည်။ ဤသို့ ကွဲပြားခြားနားသောအရည်အချင်း

အနိမ့်အမြင့်ကို အကဲခတ်လေ့လာပြီး နေရာတကျအသုံးချမှသာ အကျိုးဖြစ်ထွန်းအောင်မြင်နိုင်ပေသည်။

အကျိုးသက်ရောက်ပုံ။ ရည်ရွယ်ချက်ကောင်းမွန်မှန်ကန်သောလုပ်ငန်းတစ်ခုခုလုပ်ဆောင်မှု၌အောင်မြင်မှုမရရှိလျှင် ၊တစ်ခုခုလုပ်ဆောင်ရာ၌ အောင်မြင်မှုမရရှိလျှင် အသုံးပြုပုံ နေရာတကျ ရှိမရှိ၊ မှန်မမှန်ကို ဆန်းစစ်ကြည့်ရပေမည်။ မိမိကိုယ်တိုင်လည်း မိမိ၏ အခြေအနေအဆင့်အတန်းကိုသိပြီး ထိုက်သင့်သောနေရာ၌ နေတတ်ရန် သတိပြုဆင်ခြင်ရပေမည်။

---

၅။ တံငါနားနီးတံငါ၊ မုဆိုးနားနီးမုဆိုး

ဆိုလိုရင်း။ ပတ်ဝန်းကျင်သည် လူ့စရိုက်အမျိုးမျိုးပြောင်းလဲအောင် ဖန်တီးနိုင်စွမ်းရှိကြောင်း။

ရှင်းလင်းချက်။ တံငါအနီး၌နေလျှင် တံငါ၏ဓလေ့စရိုက်အမူအကျင့်များ မိမိအား ကူးစက်လွှမ်းမိုးလာနိုင်ပြီး မုဆိုးအနီး၌နေလျှင် မုဆိုး၏ဓလေ့များ မိမိအား ကူးစက်လွှမ်းမိုးစေနိုင်သည်။

ကောင်းသည့်ပတ်ဝန်းကျင်သည် လူကောင်းဖြစ်အောင် ဖန်တီးနိုင်စွမ်းရှိသကဲ့သို့ ဆိုးသည့် ပတ်ဝန်းကျင်ကလည်း လူဆိုးဖြစ်အောင် ဖန်တီးနိုင်သည်။ ငါးရာငါးဆယ်နိပါတ်တော်လာ လူဆိုးကြားရောက်သွားသော ကျေးသားနှင့် ရသေ့သူတော်ကောင်းပတ်ဝန်းကျင်သို့ ရောက်သွားသော ကျေးသားနှစ်ယောက်သာဓက၌ လူဆိုးကြားရောက်သောကျေးသားသည် စရိုက်ကြမ်းတမ်းပြီး ရသေ့တို့ပတ်ဝန်းကျင်သို့ရောက်သွားသောကျေးသားမှာမူ နူးညံ့ပျော့ပျောင်းသွားသည်ကို တွေ့နိုင်ပေသည်။ ထို့ကြောင့် ပတ်ဝန်းကျင်သည် လူကိုများစွာ ပြုပြင်ပြောင်းလဲပစ်နိုင်စွမ်းရှိလှသည်။

အကျိုးသက်ရောက်ပုံ။ မကောင်းသည့်ပတ်ဝန်းကျင်၌ ကာလကြာမြင့်စွာ မနေထိုင်အပ်ဘဲ သင့်တင့်လျောက်ပတ်ကောင်းမွန်သောပတ်ဝန်းကျင်တွင် နေထိုင်သင့်သည်။ အဆင်မသင့်၍ မကောင်းသောပတ်ဝန်းကျင်၌နေထိုင်ရသော်လည်း ပတ်ဝန်းကျင်မှ လူဆိုးများ မိမိအား မလွှမ်းမိုးနိုင်အောင် ဂရုပြုရသည်။

---

၆။ တောင်းမှာအကွပ်၊ လူမှာအဝတ်

ဆိုလိုရင်း။ အဝတ်အစားကို အလေးဂရုပြုအပ်ကြောင်း။

ရှင်းလင်းချက်။ အကွပ်မရှိသောတောင်းသည် နီးစများ ထိုးထိုးထောင်ထောင် ထွက်နေသဖြင့် သပ်သပ်ရပ်ရပ်လည်း မဖြစ်၊ ကြာရှည်လည်း မခိုင်ခန့်ပေ၊ နှုတ်ခမ်းကလနားကို သေသပ်စွာကွပ်ထားသောတောင်းသည်သာ နှစ်သက်စရာကောင်းပြီး တန်ဖိုးလည်း မြင့်တက်လာပေသည်။ ထို့အတူ လူများတွင်လည်း မိမိ၏အဆင့်အတန်း ဂုဏ်သိက္ခာနှင့် လိုက်လျောအောင် သန့်ရှင်းသပ်ရပ်စွာ ဝတ်စားတတ်ရန်လိုသည်။

အဝတ်အစားကို ကပိုကရိုဝတ်စားလျှင် မိမိ၏ဂုဏ်သိက္ခာကို ထိခိုက်စေသည်။ မိမိအကြောင်းကိုမသိသော တစိမ်းတရံများက အဝတ်အစားကိုကြည့်ပြီး အထင်သေးအမြင်သေးခံရတတ်သည်။

ထို့ကြောင့် လူမှုရေးနယ်ပယ်၌ အဝတ်အဆင်သည် အလေးထားအပ်ကြောင်းကို အထက်ပါစကားပုံက ညွှန်ပြနေပေသည်။

သပ်ရပ်စွာဝတ်ဆင်သင့်သည်ဟု ဆိုရာ၌လည်း မိမိအရွယ်ဂုဏ်သိက္ခာအဆင့်အတန်း အခြေအနေနှင့် လိုက်လျောသောအဝတ်အဆင်မျိုးကို အချိန်အခါ၊ အခြေအနေ၊ ကာလဒေသများနှင့် လိုက်လျောအဆင်ပြေအောင် ဝတ်ဆင်တတ်ရန် လိုပေသည်။ အသက်အရွယ်နှင့်မလိုက်သော အဝတ်အဆင်မျိုးကို ဇွတ်မှိတ်ဝတ်လျှင် သပ်ရပ်စွာဝတ်ဆင်သော်လည်း မိမိ၏ဂုဏ်သိက္ခာကို တိုးတက်စေနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ကောင်းမွန်အကွပ်သည် လူ၌အဝတ်နှင့်အလားတူပြီး သေသပ်စွာ ကွပ်ထားသောဘောင်းသည် တန်ဖိုးတိုးမြင့်လာစေသည့်နည်းတူ အဝတ်အဆင်သည်လည်း လူ၏တန်ဖိုးကို တိုးတက်ပြောင်းလဲသွားစေနိုင်ပေသည်။

**အကျိုးသက်ရောက်ပုံ။** အဝတ်အစားကို မိမိ၏အဆင့်အတန်း၊ အသက်အရွယ်၊ အခြေအနေ၊ အချိန်အခါ၊ နေရာဒေသနှင့်လိုက်လျောအောင် ဝတ်စားရန် သတိပြုအပ်လှသည်။

---

၇။ နဂိုရှိမှ နဂိုင်းထွက်

**ဆိုလိုရင်း။** မူလအခြေခံရှိမှသာ မွမ်းမံခြယ်သ၍ တင့်တယ်နိုင်သည်ဟု ဆိုလိုရင်းဖြစ်သည်။

**ရှင်းလင်းချက်။** နဂိုဟူသောစကားလုံးရှိမှသာ ငသတ်(င်)စသည်ဖြည့်ပြီး နဂိုင်းဟူ၍ ရေးနိုင်သကဲ့သို့ နဂိုမူလပင်စည်ရှိမှ အကိုင်းအခက်များ ထွက်နိုင်သည့်သဘော ဖြစ်သည်။

အနှစ်သာရမရှိသောအရာတို့ကို အကာအဆင်တန်ဆာဖြင့် မွမ်းမံသော်လည်း ကြာရှည်ဟန်ဆောင်ဖုံးကွယ်၍ မရနိုင်ပေ။ အနှစ်သာရအကြည်အသွေးရှိမှသာ အကာအဆင်တန်ဆာဖြင့် ပေါင်းစပ်၍ ပိုမိုတန်ဖိုးမြင့်တက်လာမည် ဖြစ်သည်။

**အကျိုးသက်ရောက်ပုံ။** လောက၌ အရိုင်းကို အယောင်ဟင်သူများ ရှိတတ်သည်။ ထိုသူများအတွက် အဓိကနှင့်သာမည၊ အနှစ်နှင့်အကာ ခွဲခြားနားလည်ကာ နဂိုမူလ-ခရည်အချင်းရှိအောင် ကြိုးစားလိုသောအသိ ဖြစ်ပေါ်စေသည်။

---

၈။ နွားကွဲကျားကိုက်

**ဆိုလိုရင်း။** အချင်းချင်းစည်းလုံးညီညွတ်မှုမရှိလျှင် ပြင်ပကဝင်လာပြီး ဒုက္ခပေးနိုင်ကြောင်း။

**ရှင်းလင်းချက်။** နွားအုပ်သည် တစ်စုတစ်စည်းတည်းရှိလျှင် ရန်သူကျားက ရုတ်တရက်ဝင်ဆွဲရန် မလွယ်ပေ။ နွားအုပ်မှာ သင်းကွဲပြီးတစ်ကောင်စီဖြစ်နေလျှင် ကျားက အလွယ်တကူဝင်ဆွဲနိုင်ပေသည်။ ထိုသာဓကအတိုင်းပင် အချင်းချင်းစည်းလုံးနေလျှင် ပြင်ပက မဝင်နိုင်။ အချင်းချင်း မညီညွတ်ဘဲ တစ်ယောက်တစ်မျိုးစီဖြစ်နေပါက ပြင်ပအန္တရာယ်ဝင်ရောက်နှောင့်ယှက်နိုင်ပေသည်။

အထက်ပါစကားပုံသည် အောက်ခြေအကျဆုံးဖြစ်သောအိမ်ထောင်စုတစ်ခုမှသည် အမြင့်ဆုံးသောတိုင်းပြည်နှင့်လူမျိုးအထိပါ သက်ဆိုင်ပြီး အသုံးပြုနိုင်သည်။ တိုင်းပြည်တစ်ပြည်သည် မည်မျှလောက် သေးငယ်နေပါစေ၊ စည်းလုံးညီညွတ်မှုရှိလျှင် ပြင်ပအင်အားကြီးရန်သူကလည်း မဝင်ရောက်မထိုးဖောက်နိုင်ပေ။ တိုင်းပြည်သည် မည်မျှကြီးနေသော်လည်း စည်းလုံးမှုမရှိလျှင် ပြင်ပအန္တရာယ်က အချိန်မရွေးဝင်ရောက်နှောင့်ယှက်နိုင်ပေသည်။

မြန်မာနိုင်ငံ၏သမိုင်းကြောင်းကို လေ့လာလျှင်အထက်ပါသာဓက မှန်ကန်ကြောင်း တွေ့နိုင်ပေသည်။ ခရစ်နှစ် ၁၈၈၅ ပတ်ဝန်းကျင်က တိုင်းပြည်တွင်း၌ စည်းလုံးညီညွတ်မှု အားနည်းခဲ့သည်။ ထို့ကြောင့် အင်အားကြီးနယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ရသည်။ ပြည်သူလူထုသည် နိုးကြားသောအသိ၊ နိုင်ငံရေးအတွေးအမြင်များ ရှင်သန်လာပြီး စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံရေးလှုပ်ရှားမှုအဆင့်ဆင့်လုပ်ဆောင်ကြ၍ လွတ်လပ်ရေးတောင်းဆိုသည့်အခါ ၁၉၄၈ ခုနှစ်၌ လွတ်လပ်ရေးရခဲ့ခြင်း ဖြစ်ပေသည်။

အကျိုးသက်ရောက်ပုံ။ စည်းလုံးညီညွတ်ရန်အရေးကြီးပုံကို သဘောပေါက်ကြပြီးလျှင် အချင်းချင်းညီညွတ်အောင်ကြိုးပမ်းဖို့ လိုကြောင်း သတိပြုမိစေသည်။

---

၉။ များလည်းခွဲသာ၊ ရှည်လည်းလျှော့သာ

ဆိုလိုရင်း။ ကိစ္စတစ်ရပ်၌ နှစ်ဦးနှစ်ဖက်အကျိုးမျှတရန် ပြုမူသင့်သည်ဟု ဆိုလိုရင်းဖြစ်သည်။

ရှင်းလင်းချက်။ ပျားနှင့်ရှဉ့်တို့သည် သစ်ကိုင်းတစ်ကိုင်းတည်း၌ ပျားအုံလည်းဖွဲ့သာ၊ ရှည့်လည်းလျှောက်သာစေသကဲ့သို့ နှစ်ဦးနှစ်ဖက်ဆောင်ရွက်သည့်ကိစ္စများတွင် နှစ်ဖက်အကျိုးမျှစေလိုသောသဘော ဖြစ်သည်။ လူတို့သည် အတ္တအကျိုးကြည့်၍ အရေးမကြီးပေ၊ နှစ်ဦးနှစ်ဖက်ပေါင်းစုပြုလုပ်သည့် ကိစ္စများတွင်မှ နှစ်ဦးနှစ်ဖက်လုံး အကျိုးမျှတအောင်ဆောင်ရွက်ရ ပေမည်။

အကျိုးသက်ရောက်ပုံ။ လူ့လောကတွင် အသိုင်းအဝိုင်းနှင့် ဆောင်ရွက်ရမည့်ကိစ္စများ၌ မိမိအကျိုးအတွက်သာ မကြည့်သင့်၊ သူ့အကျိုး ကိုယ့်အကျိုး၊ အများအကျိုးအတွက် မျှတစွာဆောင်ရွက်ရမည်ဟူသောအသိကို ဖြစ်ပေါ်စေပါသည်။

---

၁၀။ မပြည့်တဲ့အိုး၊ ဘောင်ဘင်ခတ်

ဆိုလိုရင်း။ အနှစ်မပြည့်သောလူများ၏သဘာဝကို ဆိုပေသည်။

ရှင်းလင်းချက်။ ရေပြည့်အိုးကို ခေါင်းပေါ်၌ရွက်ရွက်၊ ပုခုံးပေါ်၌ထမ်းထမ်း၊ အိုးတွင်းရှိရေသည် မလှုပ်မရှားကည်ငြိမ်နေတတ်သည်။ ရေမပြည့်သောအိုးကို သယ်ရွက်လာလျှင်မူ အိုးတွင်းရှိရေများ ဘောင်ဘင်ခတ်နေတတ်ပေသည်။

ထို့အတူ လူများ၌လည်း အနှစ်သာရမပြည့်သူများသည် အနည်းငယ်မျှပတ်သိလျှင် အလွန်တတ်သိလှပြီဟုအထင်ရောက်ပတတ် ကြသည်။ ရာထူး၊ ဥစ္စာ၊ စည်းစိမ်အရာ၌လည်း အလားတူပင် ဖြစ်၏။ အလွန်ဆင်းရဲရာမှ အတော်အသင့်ချမ်းသာလာလျှင် ရာထူးမဲ့ဘဝမှ ရာထူးလက်ကိုင်ဖြစ်လာလျှင် ဆောင်လွှားဝင့်ကြွားတတ်ကြပေသည်။ အချို့မှာမူ မိမိဘဝကိုပင် မေ့လျော့သွားတတ်ကြပေသည်။ စည်းစိမ်ဥစ္စာရှိသူ၊ ပညာရှိတို့မှကား ဤသို့ထောင်လွှား ဝင့်ကြွား ခြင်းမျိုး မပြုတတ်မူဘဲ ဣန္ဒြေရရှိတတ်ကြပေသည်။ ဤပုဂ္ဂိုလ်နှစ်မျိုး၏ အဖြစ်သည် ကွာခြား လှပေသည်။ ထို့ကြောင့် ရှေးပညာရှိလူကြီးသူမများက အနှစ်မပြည့်သူ များကို ရေမပြည့်အိုးနှင့် နှိုင်းပြကြပြီး အနှစ်ရှိသူကိုမူ ရေပြည့်အိုးနှင့် ယှဉ်ပြလေ့ရှိကြပေသည်။ အနှစ်ရှိသောစပါးနှံသည် ငိုက်နေပြီး အနှစ်မရှိသောစပါးနှံသည် တလူလူထောင်နေတတ်သည်ဟူသော နိတိဆုံးမစာ သည်လည်း အထက်ပါစကားပုံနှင့်အလားတူပင်ဖြစ်ပေသည်။ အင်္ဂလိပ်စကားပုံ၌လည်း "Still water runs deep" ဟု ဆိုထားပေသည်။

အကျိုးသက်ရောက်ပုံ။ ထောင်လွှားဝင့်ကြွားပြီး ပြောဆိုပြုမူမိလျှင် ရေမပြည့်အိုးသာမက ကို သတိရပြီး ဆင်ခြင်စေနိုင်သည်။ ဤသို့ ဆင်ခြင်မိလျှင် ပတ်ဝန်းကျင်၏ပြစ်တင်ကဲ့ရဲ့ခြင်းမှ ကင်းဝေးပြီး လူလိမ္မာလူတော်တစ်ယောက်ဖြစ်လာနိုင်ပေမည်။

---

## ၁၁။ မလျော့မတင်း စောင်းကြိုးညှင်း

ဆိုလိုရင်း။ မည်သည့်ကိစ္စ၌မဆို အစွန်းနှစ်ဖက်ရှောင်ပြီး မဇ္ဈိမပဋိပဒါလမ်းဖြင့် လုပ်ဆောင်ရန်။

ရှင်းလင်းချက်။ အစွန်းနှစ်ဖက်ဟူရာ၌ လျော့လွန်းခြင်း၊ တင်းလွန်းခြင်းကို ဆိုပေသည်။ တင်းလွန်းလျှင်ပြတ်၊ လျော့လွန်းလျှင်ပတ်ဟူသော ဤအစွန်းနှစ်ဖက်ပြ မြန်မာစကားပုံများလည်း ရှိ၏။ အစွန်းနှစ်ဖက်စလုံးသည် မကောင်းပေ။ မည်သည့်ကိစ္စ၌မဆို လျော့လွန်းပြီး ဆောင်ရွက်လျှင်လည်း မအောင်မြင် နိုင်။ တင်းလွန်းပြီး ဆောင်ရွက်လျှင်လည်း မအောင်မြင်နိုင်။

ဥပမာ။ စောင်းတီးသည့်အခါ စောင်းကြိုးကိုတင်းပြီးဖြစ်စေ၊ လျော့ပြီးဖြစ်စေ တီးလျှင် အသံ မပြည့်နိုင်။ မလျော့မတင်းတီးမှသာ သာယာသောစောင်းသံ ဖြစ်ပေါ်လာနိုင်သည်။

အကျိုးသက်ရောက်ပုံ။ မလျော့လွန်းမတင်းလွန်းသောအလယ်အလတ်လမ်းစဉ်ဖြင့် ဆောင်ရွက်မှ အောင်မြင်နိုင်သည်ဟူသောအသိကို ရရှိပေသည်။

---

## ၁၂။ လူကိုယုံလည်း၊ စကားကုန်မပြောနှင့်

ဆိုလိုရင်း။ လူကိုယုံကြည်ရသော်လည်း စကားကိုမူ အကုန်မပြောရန်။

ရှင်းလင်းချက်။ လူ့ဘဝအတွေ့အကြုံမှ ပေါက်ဖွားလာသောစကားပုံ ဖြစ်သည်။ လူဟူသည် ယုံကြည်ရသူ၊ မယုံကြည်ရသူဟူ၍ အမျိုးမျိုးရှိရာ မယုံကြည် သူဖြစ်လျှင် လူကိုခင်သော်လည်း လျှို့ဝှက်အပ်သောစကားကို လုံးဝ မပြောသင့်။ ယုံကြည်ရ သူပင်ဖြစ်စေ ဆင်ခြင်တိုင်းထွာပြီးမှ ပြောဆိုရ ပေမည်။မိမိက ယုံကြည်ရသူဖြစ်သော်လည်း

လျှို့ဝှက်အပ်သောကိစ္စကို စကားကုန်ပြောမိသော် ထိုသူက မေ့လျော့ပြီး ပြောမိလျှင် သို့မဟုတ် ပြောင်းလဲတတ်သောလူ့သဘောကြောင့် စိတ်ပြောင်း ပြီး ပြောမိလျှင် လျှို့ဝှက်ကိစ္စသည် ပေါက်ကြားသွားနိုင်ပေသည်။ ထို့ကြောင့် လူကိုယုံသော်လည်း စကားကို ချန်သင့်သမျှချန်ပြီး ပြောရမည်ဟု ဆိုလိုသည်။

မဟောသဓာဇာတ်တော်၌ သိန်း၊ ဒေဝိန်း၊ ကာမိန်း၊ ပက္ကုသ်ဟူသောအမတ်ကြီးများသည် လျှို့ဝှက်အပ်သည့်စကားကို အချင်းချင်းပြောမိသဖြင့် ဒုက္ခရောက်ရသောသာဓကကို တွေ့ရပေသည်။

အကျိုးသက်ရောက်ပုံ။ လျှို့ဝှက်သင့်သည့်ကိစ္စ၊ စကားဆိုလျှင် မည်သူ့ကိုမျှ ယုံပုံပြီး မပြောသင့်ဟူသောအသိကို ရပေသည်။

---

တိုင်းရင်းသားစကားပုံများ

၁၃။ ညီအစ်ကိုများကို စွန့်ပစ်ရန် ချောက်ကမ်းပါးမရှိ၊ ဖက်နွမ်းခက်မြောက်များကို စွန့်ပစ်ရန်သာ ချောက်ကမ်းပါး ရှိသည်။ (ဂျိန်းဖော့)

ဆိုလိုရင်း။ ညီအစ်ကိုများမှာ သွေးရင်းဖြစ်ကြသည့်အတွက် သံယောဇဉ်မပြတ်နိုင်ကြောင်း။

ရှင်းလင်းချက်။ ဖော်ပြပါစကားပုံသည် ကချင်ဂျိန်းဖော့တို့၏ မိသားစုစနစ်ကို ဖော်ညွှန်းနေပေသည်။ ကချင်တို့သည် မိသားစုကို ဦးစားပေးသဖြင့် ဖော်ပြပါ စကားပုံ၌ အဆိုပါသဘောကို တွေ့ရ၏။ မြန်မာ၌ တောင်းဆိုးပလုံးဆိုး သာပစ်ရိုးရှိသည်။ သားသမီးဆိုး စွန့်ပစ်ရိုးမရှိ ဟူသောစကားပုံကဲ့သို့ ဖြစ်သည်။ ကချင်ဂျိန်းဖောတို့မှာ ညီအစ်ကိုများသည် မည်သည့် အကြောင်းကြောင့်မှ မစွန့်ပစ်နိုင်ကြောင်းကို ဆိုသည်။ ကချင်ပြည်နယ်ဟူသည် တောင်တန်းချောက်ကမ်းပါးများ ထူထပ်သဖြင့် ပတ်ဝန်းကျင် ဒေသနှင့်လူနေမှုစနစ်မှ ပေါက်ဖွားလာသောစကား ဖြစ်သည်။

အကျိုးသက်ရောက်ပုံ။ ညီအစ်ကိုများ သွေးမကွဲရန် နှင့် ကချင်ဂျိန်းဖော့တို့ ၏မိသားစုစနစ်ကို အစွန့်ရှည်အောင် အထောက်အကူ ပြုစေသည်။

---

၁၄။ အနင်းခံရသောစပါး သန့်သည်။ အကဲ့ရဲ့ခံရသူမှ လိမ္မာသည်။ (မရှ)

ဆိုလိုရင်း။ လူသည် ကဲ့ရဲ့ခံရမှ လိမ္မာသည်။ (တစ်နည်း)ဘဝနာမှ တိုးတက်မှု ရှိသည်။

ရှင်းလင်းချက်။ စပါးပင်သည် အောက်ခြေဘေးနားက နင်းပေးလျှင် ပိုသန့်တတ်သည်။ လူများမှာလည်း အလားတူပင်။ ဖိနှိပ်ခံရလျှင် မခံချင်စိတ်ဖြစ်ပေါ်လာ
ဦး ထိုဘဝမှ လွတ်မြောက်အောင်ကြိုးပမ်းရင်းဖြင့် အရည်အသွေး တောက်ပြောင်လာ တတ်ပေ
သည်။ အကဲ့ရဲ့ခံရလျှင် မိမိအမှားကို မြင်လာပြီး ပြုပြင်ဆင်ခြင်ခြင်းဖြင့် လူ့လိမ္မာလူချွန်
ဖြစ်လာမည်။ မရှ တို့က လူလိမ္မာဟုသည် မွေးရာပါမဟုတ်၊ ပတ်ဝန်းကျင်အထုအထောင်း...ဖြ

အနိပ်များကြောင့် ပြုပြင်ဆင်ခြင်ရင်းဖြင့် ဖြစ်လာနိုင်ဟု ဆိုသည်။

**အကျိုးသက်ရောက်ပုံ။** ကဲ့ရဲ့ပြစ်တင်ခံရလျှင် ရှက်မနေဘဲ ပြုပြင်ဆင်ခြင်လိုက်ခြင်းဖြင့် မိမိဘဝမှာ တိုးတက်လာနိုင်ပေသည်။

---

## ၁၅။ ရန်သူ့လက်ဆောင်သည် အလွန်ကြောက်မက်ဖွယ် ကောင်း၏(ရဝမ်)

**ဆိုလိုရင်း။** ပရိယာယ်ဆင်လာတတ်သောရန်သူမျိုးသည် အလွန်ကြောက်မက်ဖွယ် ကောင်းကြောင်း။

**ရှင်းလင်းချက်။** ရန်သူသည် မိမိအကျိုးပျက်စီးအောင် ဒုက္ခရောက်အောင် ပြုလုပ်သူ ဖြစ်သည်။ မိမိအကျိုးကို မလိုလားသောရန်သူမှန်း သိလျှင် များစွာ သတိထားအပ်သည်။ အကြောင်းမှု ရန်သူဆိုရာ၌ အမျိုးမျိုးရှိလေသည်။ အချို့ရန်သူက မိမိအား ပွင့်ပွင့်လင်းလင်း တိုက်ခိုက်ပြောဆိုတတ်သဖြင့် ရန်သူမှန်း သိသာသည်။ အချို့ရန်သူက ပရိယာယ်စုံ၊ နည်းစုံသုံးပြီး ဒုက္ခပေးတတ်သည်။ အချို့က အတွင်းကပူးသတ်ပြီး ဒုက္ခဖြစ်စေတတ်၏။ အချို့က ချစ်ဟန်ဆောင်ပြီး လက်ဆောင်နှင့်ဖြားယောင်းတတ်ပြန်၏။ ရန်သူက လက်ဆောင်ပေးလာလျှင် လက်မခံမိရန် အထူးသတိရှိရမည်။ ရန်သူ့လက်ဆောင်သည် မိမိအားတစ်နည်းနည်းဖြင့် ဒုက္ခဖြစ်စေမည်မှာ ဓကန်ဖြစ်သည်။ ထို့ကြောင့် ရဝမ်တို့က ရန်သူက ပရိယာယ်နှင့် မှူးပြီးပေးသောလက်ဆောင်သည် အလွန်ကြောက်စရာ ကောင်းကြောင်း သတိပေးထားသောစကားပုံ ဖြစ်၏။

**အကျိုးသက်ရောက်ပုံ ။** ရန်သူ့ပေးလာသောလက်ဆောင်ဖြစ်လျှင် မည်မျှအဖိုးတန်ပါစေ မမက်မောဖို့ လက်မခံဖို့ သတိပြုစေသည်။

---

## ၁၆။ သားကောင်းသည် မိခင်မှ၊ အသီးကောင်းသည် အမြစ်မှ (လရှီ)

**ဆိုလိုရင်း။** သားကောင်းများဖြစ်ရေးအတွက် မိခင်အရေးကြီးပုံ။

**ရှင်းလင်းချက်။** သားကောင်းဆိုရာ၌ ကျန်းမာရေး၊ စာရိတ္တရေးမှ ဘက်စုံတော်သူများကို ဆိုလိုသည်။ သားကောင်းများဖြစ်ရေးအတွက် မိခင်အရေးကြီးပုံကို လရှီတို့က သစ်ပင်ဥပမာနှင့် ယှဉ်ပြထားသည်။ သစ်ပင်၌အမြစ် အားကောင်းမှ အသီးအနှံ့ဖွံ့ဖြိုးမည်။ လူသားများ၌လည်း အရင်းခံဖြစ်သော မိခင်ကအစစအမြဲအမြင်ရှိမှသာ သားကောင်းများဖြစ်အောင် သွန်သင်နိုင်မည်။ သားနှင့်မိခင်မှာ လက်ပွန်းတသီးနေရသဖြင့် မိခင်က သာ သားသမီးများကို လိမ္မာအောင်နည်းလမ်းကောင်းများ ပေးနိုင်ကြောင်း ဆိုလိုသည်။

**အကျိုးသက်ရောက်ပုံ ။** မိခင်များကိုလည်း အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင် မြှောက်အားပေးရန် လိုအပ်သည်။

**၁၇။ သူတစ်ပါးကကူညီသည်ကို မှတ်ထားပါ၊ ကိုယ်ကကူညီသည်ကို မေ့ပစ်ပါ (လီဆူး)**

ဆိုလိုရင်း။ သူ့ကျေးဇူးကို သိတတ်ရန် ရိုးသားဖြူစင်သောစိတ်နှင့်ကူညီတတ်ရန် ဆိုလိုသည်။

ရှင်းလင်းချက်။ သူတစ်ပါးက ကူညီသည်ကို မှတ်ထားမှ သူ့ကျေးဇူးကိုသိတတ်ရာ ရောက်မည်။ ကျေးဇူးမေ့ခြင်း၊ ကျေးဇူးကန်းခြင်း၊ ကျေးဇူးစွပ်ခြင်းများမှာ မကောင်းသောအကျင့်အကြံများဖြစ်သဖြင့် ရှောင်ရှားအပ်လှသည်။ သူတစ်ပါးက ကူညီခဲ့ဖူးသည်ကို မေ့ပစ်လျှင် နောင်အရေးကြုံလာသည့်အခါ မိမိကိုကူညီချင်မည် မဟုတ်ပေ။ ထို့ကြောင့် သူ့ကျေးဇူးကို အဖန်တလဲလဲသတိရသင့်ပြီး ထုတ်ဖော်ပြောဆိုသင့်ပေသည်။ ကျေးဇူး တုံ့ပြန်သင့်သည်။ ဤသို့ ကျေးဇူးသိတတ်ခြင်းသည် ကောင်းမွန်မြင့်မြတ်သောစိတ်မျိုး ဖြစ်ပေသည်။

ကိုယ်က သူတစ်ပါးအား ကူညီသည်ကိုမူ မေ့ပစ်သင့်သည်။ ကိုယ်ကူညီခဲ့သည့်ကိစ္စကို ထပ်ခါတလဲလဲထုတ်ဖော်ပြောဆိုနေလျှင် အတုံ့အလှည့်လိုချင်ရာ ရောက်မည်။ ရိုးသားဖြူစင်သောကူညီခြင်းမျိုးမှာ ကျေးဇူးတုံ့ကို မမျှော်လင့်သင့်ပေ။ ထို့ကြောင့် လီဆူးတို့က ကျေးဇူးကိုသိရန်နှင့် ရိုးသားသောကူညီခြင်းမျိုးဖြစ်စေရန် နည်းပေးလမ်းညွှန်ထားခြင်း ဖြစ်ပေသည်။ ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ စိတ်ထားမြင့်မြတ်ရေးအတွက် အဖိုးတန်သောစကားပုံ ဖြစ်ပေသည်။

အကျိုးသက်ရောက်ပုံ ။ အထက်ပါစကားပုံအတိုင်း လိုက်နာကျင့်ကြံလျှင် မိမိနှင့်ပတ်ဝန်းကျင်အတွက်ပါ စိတ်ချမ်းသာရမည်။ အဆင့်မြင့်သောလူ့ရည်မွန်များလည်း ဖြစ်လာစေနိုင်ပေမည်။

---

**၁၈။ မယားယူမှားတစ်သက်၊ တောင်ယာခုတ်မှား တစ်နှစ် (အခါး)**

ဆိုလိုရင်း။ အိမ်ထောင်ရေးသည် အရေးကြီးကြောင်း။

ရှင်းလင်းချက်။ အထက်ပါသဘောကို ပေါ်လွင်အောင် တောင်ယာခုတ်သောဥပမာနှင့် ယှဉ်ပြထားသည်။ ကချင်တို့၏တောင်ယာကို ခုတ်ထွင်မီးရှို့ပြီး စိုက်ပျိုးရသောလုပ်ငန်းမှာ အလွန်ပင်ပန်းလှသည်။ ဤမျှအပင်ပန်းခံခုတ်ထွင်ပြီး စိုက်ပျိုးသော်လည်း မြေဩဇာမကောင်းလျှင် အထွက်မကောင်းပြန်ပေ။ ဤတောင်ယာဒုက္ခသည် တစ်နှစ်အတွက်ပဲ ဖြစ်မည်။ အိမ်ထောင်ရေး၌ စဉ်းစားချင့်ချိန်ခြင်းမရှိဘဲ လုပ်ခဲ့လျှင် တစ်သက်လုံးအတွက် စိတ်ဆင်းရဲရမည်။ အိမ်ထောင်မှုကို တစ်သက်လုံးအတွက် ရည်ရွယ်သောကချင်အခါးတို့၏ဓလေ့ထုံးစံကို အထက်ပါစကားပုံက ဖော်ပြနေပေသည်။

အကျိုးသက်ရောက်ပုံ ။ အသက် ၁၅ နှစ် ၁၆ နှစ်လောက်ကပင်စပြီး လူပျို အပျိုလှည့်သောဓလေ့ရှိသည့် ကချင်လူငယ်များကို အိမ်ထောင်ဖက်အရွေးမမှားရအောင် သတိပေးနေပေသည်။

၁၉။ စကားအရမ်းပြောလျှင် လျော်ရတတ်သည်၊ လုံကို အရမ်းပစ်လျှင် ခွေးထိတတ်သည် (ကယား)

ဆိုလိုရင်း။ စကားကို ထိန်းထိန်းသိမ်းသိမ်းပြောရန်။

ရှင်းလင်းချက်။ စကားကို အရမ်းပြောခြင်းမှာ စိတ်ထင်တိုင်း နှုတ်ကထွက်ခြင်းဖြစ်သည်။ ဤသို့ပြောခြင်းသည် လွန်ကျူးပြီး မှားသွားတတ်သည်။ အမှန်ပင်ဖြစ်သော်လည်း မပြောအပ်သောနေရာ၊ မပြောအပ်သောချိန်ခါ စသည်ဖြင့် ဆင်ခြင်ရဦးမည်။ မပြောသင့်သည်ကို ပြောမိသဖြင့် အပြစ်ဖြစ်လျှင် ကယားတို့ဓလေ့မှာ လျော်ကြေးပေးကြရသည်။ ထို့ကြောင့် စကားပြောရာ၌ ဆင်ခြင်နိုင်စေရန် "လုံကို အရမ်းပစ်လျှင် ခွေးထိတတ်သည်"ဟူသော ဖြင်လွယ်သည့်ဥပမာနှင့်ယှဉ်ပြီး ဆုံးမထားခြင်းဖြစ်သည်။

အကျိုးသက်ရောက်ပုံ ။ စကားပြောရာ၌ ကာလ၊ ဒေသ၊ အခြေအနေ၊ အချိန်အခါ၊ အရပ်ဒေသပတ်ဝန်းကျင်နှင့်လိုက်ပြီး သင့်တင့်လျောက်ပတ်သောစကားကို ပြောတတ်ရန် သတိပြုစေသည်။

---

၂၀။ သစ်ပင်ကြောင့် မိုးရွာ၍ မိုးကြောင့်သစ်ပင်ပေါက်ရသည် (ချင်း)

ဆိုလိုရင်း။ မိုးနှင့်သစ်ပင်သည် တစ်ခုနှင့်တစ်ခု အပြန်အလှန်မှီတွယ်အကျိုးပြုနေကြောင်း။

ရှင်းလင်းချက်။ မိုးနှင့်သစ်ပင်သည် အပြန်အလှန်မှီတွယ်ကာ အကျိုးဖြစ်ထွန်းနေပေသည်။ ထို့အတူ လောက၌ မိုးနှင့်သစ်ပင်ကဲ့သို့ တစ်ဦးပေါ်တစ်ဦး မှီတွယ်ကာ နှစ်ဦးစလုံးအကျိုးဖြစ်ထွန်းရသောကိစ္စများ၌လည်း အထက်ပါစကားပုံကို သုံးလေ့ရှိကြသည်။ "ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ" ဟူသောမြန်မာစကားပုံနှင့်တူပေသည်။ ဖော်ပြပါစကားပုံသည် ချင်းတောင်တန်း၌ အရေးကြီးသောသစ်တောမပြုန်းတီးရေးကို တစ်ဖက်တစ်လမ်းက ထိန်းပေးနေရသည်ဟု ဆိုနိုင်သည်။ သစ်ပင်သည် ရာသီဥတုကို ထိန်းသည်။ ရာသီဥတုသည် ချင်းလူမျိုးများ၏စီးပွားရေးကို အကျိုးပြုစေ ဆုတ်ယုတ်စေနိုင်သည်။

အကျိုးသက်ရောက်ပုံ ။ တစ်ဦးနှင့်တစ်ဦး အမှီသဟဲပြုကာ နှစ်ဦးစလုံး အကျိုးဖြစ်ထွန်းရသောကိစ္စမျိုး၌ တစ်ဦးအကျိုးကို တစ်ဦးက မထိခိုက်အောင် စောင့်ထိန်းရန် သတိပြုသင့်ကြောင်း တွေ့ရှိရသည်။

၂၁။ မပြောပြီးသားစကားနှင့် ဖိတ်ပြီးသောရေကို ပြန်၍ မကျုံးနိုင်တော့ပါ (လူရှေ)

ဆိုလိုရင်း။ စကားပြောရာ၌ ဆင်ခြင်အပ်ကြောင်း

ရှင်းလင်းချက်။ စကားပြောသည့်အခါ မချင့်ချိန်ဘဲ အလွန်အကျွံ မပြောသင့်။ စကား လွန်သွားသဖြင့် တစ်ဖက်သားကို ထိမိုက်လျှင် ဖြစ်စေ၊ မှားသွားလျှင် ဖြစ်စေ ပြန်ရုပ်သိမ်း၍ မရနိုင်တော့ပေ။ ထို့ကြောင့် လူရှေတို့က လွန်သွားသောစကားသည် ဖိတ်သွားသောရေနှင့် တူသည်။ ဖိတ်ပြီးသောရေကို ပြန်ကျုံးယူရန် မရသကဲ့သို့ ပြောပြီးသားစကားကို လည်း ပြန်သိမ်း၍ မရဟုဆိုကြသည်။ မြန်မာ "ကြမ်းကျွံနုတ်ရ၊ စကားကျွံ နုတ်မရ" ရှိုင် "ကြမ်းကျွံကနုတ်ရ၊ စကားကျွံကနုတ်မရ" စကားပုံသည် အထက်ပါစကားပုံနှင့်သဘောတူ ဖြစ်သည်။

အကျိုးသက်ရောက်ပုံ ။ လူများသည် နေ့စဉ်စကားပြောဆိုနေကြရသဖြင့် စကားသည် အရေး ကြီးလှ၏။ စကားကြောင့် ချစ်ကြမုန်းကြရဟတ်ပေသည်။ ထို့ကြောင့် စကားပြောရာ၌ အစွန်းလွတ်အောင် ပြောတတ်ရန် လိုအပ်ကြောင်း သတိပြုစေသည်။

---

၂၂။ လုပ်ခွင်မှာ နေထွက်သူသည် တစ်သက်လုံး မဆင်းရဲ (တအာန်း)

ဆိုလိုရင်း။ ဝီရိယအကျိုးပြု။

ရှင်းလင်းချက်။ လုပ်ခွင်မှာ နေထွက်ဆိုသည်မှာ အလုပ်ခွင်သို့ နေမထွက်မီရောက်ပြီး အလုပ်လုပ်နေရင်း နေထွက်လာခြင်းကို ဆိုပေသည်။ ဤသို့ ဝီရိယစိုက် ထုတ်ပြီး အလုပ်ကြိုးစားခြင်းဖြင့် အလုပ်ကြွေးလည်း မတင်နိုင်၊ ဝိမိကာသာ လုပ်ငန်းအပေါ် ဖိဖိစီးစီးနှင့်အနိုင်ရနေပေမည်။ ထို့သူမှာ အလုပ်ဟောင်းများလည်း ပြီး၊ အလုပ်သစ်များကိုလည်း တီထွင် လုပ်ကိုင်နိုင်ပေမည်။ ထိုသူမျိုးသည် တစ်သက်လုံး မဆင်းရဲဘဲ ကြီးပွား တိုးတက်နိုင်ကြောင်းကို တအာန်းငို့က ရိုးရိုးနှင့်လေးလေး နက်နက် မှာကြားထားခြင်း ဖြစ်သည်။

အကျိုးသက်ရောက်ပုံ ။ အလုပ်တန်ဖိုးကို နားလည်သဘောပေါက်စေပြီး အလုပ်ကြိုးစားချင် စိတ်ကို ဖြစ်ပေါ်စေသည်။

---

၂၃။ စာဘူးပေဘင်း အကြံကောင်းသဖြင့် အိမ်ကောင်းရာကောင်းနှင့် နေရသည် (ထားဝယ်)

ဆိုလိုရင်း။ အကြံဉာဏ်ကောင်းများနှင့် ကြိုးစား၍လုပ်ကိုင်လျှင် အောင်မြင်မှုရရှိ နိုင်သည်။

ရှင်းလင်းချက်။ စာဘူးပေဘင်း [illegible] ပေါ်သော်လည်း [illegible] အကြံဉာဏ် [illegible] ကလေးများ [illegible]

မြကကောက်ရိုးအစအနကလေးများကို နှုတ်သီးဖြင့် ကိုက်ချီပြီး ငှက် အသိုက်ကလေးများ ရက်လုပ်ထားကြ၏။ စာဘူးတောင်းသိုက်မှာ အလျား ၂၀' ပတ်ဝန်းကျင်နှင့် လုံးပြွေးသွားဆိုင်သော ရှိ၏။ စာဘူး တောင်း၏ထက်ခြမ်းကိုကိုမှုံ့ တစ်ပေလောက်တွင် နေစရာချိုင့်ကလေး ဖွဲ့ထားပြီး ၎င်းအတွင်းသို့ လေ၊ နေ၊ မိုးမထိုးဖောက်နိုင်စေဘင် ချိုင့်၏အောက်မှ တစ်ပေခန့်ရှည်လျားသော ပြောင်းတပ်ထား၏။ ထိုပြောင်းမှပင် အတွင်းသို့ ဝင်၏။ ညအခါ လင်းထိန်နေ၍ ပိုးစုန်းကြူးကောင်ကလေးများကို ဖမ်းပြီးရွှံ့နှင့်ကပ်ထား၏။ ပိုးစုန်းကြူး မှာ နေရာမရွေ့နိုင်ဘဲ မှိတ်တုတ် မှိတ်တုတ်နှင့် လင်းနေ၏၊ စာဘူး တောင်းသိုက်ကလေးမှာ သပ်သပ် ရပ်ရပ်နှင့် မိုးလေကာခံနိုင်ပြီး နေချင်စဖွယ် ဖြစ်၏။ မိုးလေတိုက်ခိုက် သည့်အခါ ဟိုသည်ယိမ်းထိုး နေသော်လည်း ပြုတ်ကျခြင်းမရှိ။ ထို့ကြောင့် ထားဝယ်လူကြီးသူမ များက ပျင်းရိသူများ လုံ့လစိုက်ချင် အောင်၊ အကြံမထုတ်ချင်သူများ အကြံဉာဏ်ကောင်း ထုတ်ချင်လာ အောင် စာဘူးတောင်း၏သာဓကနှင့် ဆုံးမထားခြင်း ဖြစ်သည်။

အကျိုးသက်ရောက်ပုံ ။ စာဘူးတောင်း၏နမူနာကောင်းကိုယူပြီး မည်သည့်ကိစ္စမဆို အကြံ အစဉ်လုံ့လဝီရိယထုတ်လုပ်ကိုင်လျှင် အောင်မြင်နိုင်၏၊ တိုးတက် နိုင်၏။ တစ်ကြိမ်နှင့်မအောင်မြင်လျှင် အကြိမ်ကြိမ်ကြိုးစားသင့်၏။ စိတ်မပျက်လက်မလျှော့သင့်သောအသိကို ပေးသည်။

---

၂၄။ လူဖျင်းရှိရာ လူဖျင်းလာ၊ အမှိုက်ရှိရာ ချွေးချေးလာ (မနနှင့်တောင်ရိုး)

ဆိုလိုရင်း။ သဘာဝတူသူအချင်းချင်း ပေါင်းဖော်မိကြပုံကို ဆိုသည်။

ရှင်းလင်းချက်။ လူပျင်းဟူသည် လုံ့လထုတ်ပြီး မကြိုးစားချင်သူ၊ လူဖျင်းမှာ ပျင်းသည့် အတွက် ညံ့ဖျင်းသွားသူ ဖြစ်သည်။ လူဖျင်းအချင်းချင်းသည် အလေ့ တူသည့်အတွက် အပေါင်းအဖော် ဖြစ်တတ်သည်။ ဝီရိယရှိသူများမှာ အစဉ်အမြဲနိုးကြား သကြွမှုရှိနေသဖြင့် ၎င်းလူမျိုးများနှင့် ဆန့်ကျင်ဘက် ဖြစ်တော့သည်။ ဤနှစ်မျိုးနှစ်စား ၏အလေ့အထအပြုအမူအကျင့်စရိုက် များလည်း ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပေ၏။ ထို့ကြောင့် ဝီရိယရှိသူ နှင့် လူဖျင်း၊ လူပျင်းတို့သည် မည်သည့်အခါမျှ အဖော်အဖက်စစ် မဖြစ် နိုင်ကြပေ။ မနတောင်ရိုးတို့က ဤသို့ဖြစ်တတ်သောသဘာဝကိုလည်း မြင်တတ်ကြသည့်ပြင် ပျင်းသည့် စရိုက်ကိုလည်း အားမပေးကြ။ ထို့ကြောင့် လူပျင်းလူဖျင်းကို ရွံစက်ရှုံ့မဲ့ချသည့်အနေဖြင့် အမှိုက် ချွေးချေး တို့နှင့် နှိုင်းပြထားပေသည်။ မြန်မာ၌ "သူတော်ချင်းချင်း သတင်း လွှေ့လွှေ့ပေါင်းဖက် တွေ့" ဟူသောစကားပုံမျိုး ဖြစ်သည်။

အကျိုးသက်ရောက်ပုံ ။ မိမိအပေါင်းအသင်းကိုကြည့်ပြီး မိမိ၏အခြေအနေကို သိနိုင်သည်။ မိမိ၏မိတ်ရင်းဆွေချာများသည် လူဖျင်းချည်းဖြစ်နေပါက မိမိလည်း

အလားတူဖြစ်ကြောင်း သတိရသင့်သည်။ ကိုယ့်ကိုယ်ကို ဝီရိယရှိသူ ဖြစ်လာအောင် ပြုပြင်သင့်ကြောင်း နှလုံးသွင်းသင့်သည်။

---------------

၂၅။ မိခင်ကသားကိုချစ်သလို၊ သားကပြန်ချစ်လျှင် နတ်ပြည်ကျဉ်းလတ္တံ့ (မွန်)

ဆိုလိုရင်း။ မိခင်ကသားအပေါ်မေတ္တာထားသလောက်သားက တုံ့ပြန်ရိုးမရှိပုံကို ဆိုသည်။

ရှင်းလင်းချက်။ မွန်မိခင်တို့သည် သားကို အထူးအမွှမ်းတင်ပြီးအချစ်ပိုတတ်ကြသည်။ သားကမူ မိခင်မေတ္တာထားသလောက် မတုံ့ပြန်တတ်ကြ။ ထို့ကြောင့် မိခင်ကချစ်သည့်နည်းတူသာ သားကတုံ့ပြန်လျှင် သားယောက်ျား အားလုံး နတ်ပြည်ရောက်သွားပြီး နတ်ပြည်ကျဉ်းသွားမည်ဟု ဆိုသည်။ မြန်မာ"စုန်ရေသာရှိ၊ ဆန်ရေမရှိ" ဆိုသောစကားပုံပမာ ဖြစ်သည်။

အကျိုးသက်ရောက်ပုံ ။ မိခင်မေတ္တာကိုသိနားလည်ပြီး အစွမ်းကုန်မေတ္တာတုံ့ပြန်ရာသည်။

---------------

၂၆။ ဆန်းလျှင်တစ်ချက် ရိုးလျှင်တစ်သက် (ရခိုင်)

ဆိုလိုရင်း။ ရိုးသားခြင်းသည် အကောင်းဆုံး ဖြစ်သည်။

ရှင်းလင်းချက်။ ဆန်းဟူသည် မရိုးသားခြင်းဖြစ်ပြီး ရိုးဟူသည်မှာ ဖြောင့်မတ်မှန်ကန်ခြင်းကို ဆိုသည်။ ဆန်းခြင်းမှာ ခဏပန်းသာ ခံပြီး ရိုးခြင်းသည် တစ်သက်လုံးအတွက် ရေရှည်ခံပေ၏။

ဥပမာ ။ ။ စီးပွားရှာရာ၌ ဥပဒေမလွတ်ကင်းသောအဆန်းနည်းဖြင့် ဖြတ်လမ်းလိုက် စီးပွားရှာခြင်းမျိုးသည် ခဏလောက်သာခံပြီး ရိုးသားမှန်ကန်သောနည်း ဖြင့် ရှာဖွေခြင်းသည် တစ်သက်တာလုံးအတွက် စိတ်အေးချမ်းသာရပေမည်။

ရခိုင်လူမျိုးတို့၏ရိုးသားဖြောင့်မတ်ခြင်းကို လိုလားအားပေးသောစကားပုံ ဖြစ်သည်။

အကျိုးသက်ရောက်ပုံ ။ ဆန်းခြင်းက ယာယီ၊ ရိုးခြင်းက ထာဝရဖြစ်သည့်အတွက် ရိုးသား မှန်ကန်စွာလုပ်ဆောင်သင့်ကြောင်း သတိရစေသည်။

---------------

၂၇။ သူ့ထမင်းစားပြီး သူ့သတင်းကို မပြောနှင့်၊ မိုးကြိုးမပစ်သော်လည်း ဆင်းရဲတံ့ရှည် တတ်သည်။ (ရှမ်း)

ဆိုလိုရင်း။ သူ့ကျေးဇူးကို သိရန်။

ရှင်းလင်းချက်။ ထမင်းသည် လူ၏အသက်သမင်ကျေးဇူးရှင်ဖြစ်ရာ သူ့ထမင်းစားပြီး လျှင် သူ့ကျေးဇူးသည် မိမိအပေါ်၌ တင်ရှိနေပေပြီ။ ထို့ကြောင့် ကျေးဇူး ရှင်၏မကောင်းသတင်းကို မပြောသင့်၊ ကျေးဇူးရှင်ကို မကောင်းပြော

လျှင် မိုးကြိုးချက်ချင်းမပစ်သော်လည်း မိမိ၌အကျိုးကျေးဇူးမဖြစ်ထွန်းဘဲ ဆင်းရဲတာရှည်တတ်သည်ဟု ဆိုဆုံးမထားသောစကားပုံ ဖြစ်၏။

အကျိုးသက်ရောက်ပုံ ။ ကျေးဇူးမဲ့မပြုမိရန် အထူးရှောင်ရှားသင့်ပေသည်။

---

၂၈။ မလိုတမာခါး၊ လိုသကာပျား (အင်းလေး)

ဆိုလိုရင်း။ မနှစ်သက်လျှင် အပြစ်မြင်ပြီး နှစ်သက်လျှင် အချစ်ဝင်တတ်သည်။

ရှင်းလင်းချက်။ လူမှုဆက်ဆံရေး၌ လူ၏အမူအရာအပြောအဆိုများသည် အတွင်းစိတ်အခြေခံအတိုင်း ဖြစ်ပေါ်တတ်၏။ မလိုလားမနှစ်သက်စိတ်အခြေခံရှိသည့်အခါ ပြောဆိုဆက်ဆံမှုများသည် တမာကဲ့သို့ ခါးတတ်၏။ စိတ်က လိုလားနှစ်သက်ပါမူ မျက်နှာအနေအထားကအစ စကားလုံးများအဆုံးအားလုံးသည် သကာပျားပမာချိုသာနေတတ်ပေသည်။ ညင်သာပျော့ပျောင်းပြီး နားဝင်ပီယံဖြစ်နေပေသည်။

အကျိုးသက်ရောက်ပုံ ။ ချစ်သူရော မုန်းသူကိုပါ မေတ္တာစိတ်အရင်းခံဖြင့် ဆက်ဆံနိုင်လျှင် အကောင်းဆုံး ဖြစ်ပေသည်။

---

၂၉။ မားထက်လွန်းလျှင်ပဲ့၊ လုံ့ချွန်လွန်းလျှင်ကျိုး၊ ပုဖောင်းကြီးတော့ပေါက်(ကရင်)

ဆိုလိုရင်း။ အလုပ်အကိုင်အပြောအဆိုတို့၌ တစ်ဘက်စွန်းရောက်လျှင် အကျိုးမဖြစ်ထွန်းရုံမက ပျက်စီးတတ်ကြောင်းကို ဆိုလိုသည်။

ရှင်းလင်းချက်။ မားလုံ့များသည် ထက်လွန်းလျှင် ခုတ်၊ ထစ်၊ ပစ်ရာ၌ ကျိုးပဲ့သွားတတ်သည်။ ပုဖောင်းကြီးလွန်းလျှင် ပေါက်သွားတတ်သည်။ ဖော်ပြပါပစ္စည်း (၃)မျိုးစလုံးသည် ရှိသင့်သောအနေအထားထက်ကျော်လွန်ပြီး တစ်ဖက်စွန်းသို့ရောက်သွားလျှင် ပျက်စီးသွားတတ်ပေသည်။ မားလုံ့များက အလုပ်ကိုညွှန်ပြီး ပုဖောင်းကအပြောကို ရည်ညွှန်းပေသည်။ ထို့ကြောင့် အလုပ်တစ်ဖက်စွန်းရောက်လျှင် မကောင်းသည့်နည်းတူ အပြောမှာလည်း အပြောကြီးလွန်းသော်တစ်ဖက်စွန်းရောက်လျှင် မကောင်းပေ။ နှစ်မျိုး စလုံးသည် မိမိ၏ဂုဏ်သိက္ခာကို ထိခိုက်စေတတ်သည်။ အထက်ပါ သဘောကို ပေါ်လွင်အောင် ကရင်တို့က ပဲ့၊ ကျိုး၊ ပေါက်ဟူသော မကောင်းမှု၏အကျိုးဆက်ပြစကားလုံးများနှင့် ဖော်ပြထားပေသည်။

အကျိုးသက်ရောက်ပုံ ။ မည်သည့်ကိစ္စ၌မဆို အစွန်းတစ်ဖက်ရောက်အောင်မလုပ်ကိုင်မပြုမိရန် အရေးကြီးကြောင်း သင်ခန်းစာရမည်သည်။